# အလွန်မွန်မြတ်သောကိုယ်တော်၏အသားတော်နှင့်သွေးတော်ပွဲ

ရှင်လုကာ ၉း၁၁-၁၇

ယနေ့ ယေရှုဘုရားရှင်ရဲ့ အသားတော်နှင့် သွေးတော်ကို သဒ္ဒါကြည်ညိုရမည့် ကိုယ်တော်မြတ်ပွဲ ကျင်းပကြပါတယ်။ တကယ်တမ်းတော့ သခင်ယေရှု ကိုယ်တော်မြတ်ကို စတင်ဖန်ဆင်းတဲ့ ကြာသပတေးနေ့ကြီးမှာ ကိုယ်တော်မြတ်ပွဲကို ကျင်းပသင့်ပေမဲ့ အဲဒီကြာသပတေးနေ့မှာ ဝါတွင်းဖြစ်လို့ သခင်ဘုရားရဲ့ ဒုက္ခခံခြင်းနဲ့ အသေခံခြင်းကိုပဲ ပိုပြီး အာရုံစိုက်ကြပါတယ်။ ကိုယ်တော်မြတ်ဟာ သခင်ယေရှုအသေမခံမီ အသင်းတော်ကို ပေးတော်မူခဲ့တဲ့ အကြီးမြတ်ဆုံးလက်ဆောင် ဖြစ်ပါတယ်။ မမြင်နိုင်တဲ့ဘုရားသခင်က လူတွေ မြင်နိုင်တဲ့ကိုယ်တော်မြတ်အဖြစ် ကိန်းဝပ်တော်မူတယ်။ လူတွေက ပင့်ယူခြင်းဖြင့် အတွင်းကျကျပေါင်းစပ်နိုင်တဲ့အစာအဟာရအဖြစ် ပေးတော်မူပါတယ်။

သခင်ယေရှုကိုယ်တော်တိုင် မိန့်တော်မူတာနော် "ဤအရာသည် ငါ၏ခန္ဓာကိုယ် ဖြစ်၏" "ဤအရာသည် ငါ၏သွေးတော် ဖြစ်၏"။ ဒါ နားကြားလွဲစရာ မရှိပါဘူး။ ဒါ ပုံဥပမာ ပေးတာလည်း မဟုတ်ပါဘူး။ ဘုရားသခင်က နေရာတိုင်းမှာ တည်ရှိနေတာမှန်ပေမဲ့ ကိုယ်တော်မြတ် အသွင်သဏ္ဍာန်အားဖြင့် တထူးတခြား တည်ရှိနေချင်လို့ ဖြစ်ပါတယ်။ ဒါပေမဲ့ တချို့လူတွေက နားမလည်နိုင်ကြလို့ မယုံကြဘူး၊ မရိုသေကြဘူး။ ကက်သလစ်အသင်းတော်ကတော့ နေ့စဉ် မစ္ဆားတရား ပူဇော်ခြင်းအားဖြင့် ယေရှုဘုရား အမှန်တကယ်တည်ရှိကြောင်း ယုံကြည်ကြပါတယ်။ တချို့ဘာသာသူတွေက ဘုရားစကားအတန်းမှာ သင်ကြားခံရလို့သာ ယုံကြည်ရပေမဲ့ သူတို့အပြုအမူက ကိုယ်တော်မြတ်ကို မလေးစားကြပါဘူး။ ဒါကြောင့် မိရိုးဖလာ ပင့်ယူကြတယ်။ တချို့က ဝေဖါမုန့် စားရသလိုပဲ ပေါ့ပေါ့ဆဆ ပင့်ယူကြတယ်။

မစ္ဆားတရား ကျင်းပတာက ယေရှုဘုရားရှင်ရဲ့ ဒုက္ခခံ အသေခံခြင်းမှာ ပါဝင်ကြပါတယ်။ ဒါကို အောင်းမေ့သတိယ ကျင်းပကြပါတယ်။ "ငါ့ကို အောင်းမေ့သတိရခြင်းငှါ ဤအမှုကို ပြုကြလော့" လို့ မိန့်တော်မူတဲ့အတိုင်းပါပဲ။ အင်္ဂလိပ် ဓမ္မသီချင်းတစ်ပုဒ်ရှိတယ် "Were you there when they crucified my Lord? " သခင်ဘုရားကို ကားတိုင်တင်တုံးက အဲဒီအနားမှာ သင် ရှိနေခဲ့သလား တဲ့။ ကျနော်တို့ ပြန်ဖြေရမှာက Yes, I was there. ဟုတ်တယ်၊ ကားတိုင်တင်တုံးက အနီးနားမှာ ငါရှိခဲ့တယ်(အခု မစ္ဆားတရားမှာ ပါဝင်ခြင်းအားဖြင့် ရှိနေခဲ့တယ်)။ ရှိနေခဲ့တယ်ဆိုရင် သခင်ဘုရားကို ကားတိုင်တင်တာကြည့်ပြီး သင်နောင်တရ ပြောင်းလဲလာမှာ သေချာတယ်။ ဘာလို့လဲဆိုတော့ သခင်ယေရှု ကားတိုင်တင်ခံရချိန် အနီးအနားမှာ ရှိတဲ့လူတွေ အကုန် ပြောင်းလဲလာကြတာ တွေ့ရတယ်။ ဥပမာ ကားတိုင်ပေါ်က ကောင်းသောသူခိုး "ကိုယ်တော် ကောင်းကင်နိုင်ငံတော် ရောက်တဲ့အခါ တပည့်တော်ကို သတိယတော်မူပါ" တဲ့။ လူတရာတပ်မှူးလည်း "ဤသူသည် အမှန်စင်စစ် ဖြောင့်မတ်သောသူဖြစ်သည်" ဟုဆိုလေ၏။ တဲ့။ ကျနော်တို့လည်း သူတို့လို ကားတိုင်တင်တာကို ကိုယ်တိုင်မြင်ခဲ့ရရင် ပြောင်းလဲလာကြမယ်။ အခုလည်း ဒုက္ခခံ အသေခံခြင်းကို ကျင်းပနေကြတဲ့ မစ္ဆားတရားမှာ ပြောင်းလဲလာသင့်တယ်။ အပြစ်မရှိတဲ့သခင်ယေရှုက ကျနော်တို့အတွက်

ဒုက္ခခံအသေခံတာကို သိရှိခံစားရရင်/ ကျနော်တို့ကို အဲ့ဒီလောက်အထိ ဘုရားနဲ့ ပြန်လည်ကြေအေးစေချင်မှန်းသိရရင်/ ကျနော်တို့ကို အသေခံတဲ့အထိချစ်နေမှန်း သိရရင် ကျနော်တို့လည်း သူတို့လို ပြောင်းလဲလာကြမှာပဲ၊ သခင်ဘုရားရဲ့အသေခံတဲ့အထိချစ်တဲ့အချစ်ကို ကြေညာဟောပြောချင်ကြမှာပဲ။ ယနေ့ ဒုတိယကျမ်း ကော်ရိန်သုဩဝါဒ ပထမစောင်မှာ ရှင်ပေါလူး ရေးထားသလို " အကြောင်းမူကား သင်တို့သည် ဤမုန့်ကိုစား၍ ဤခွက်ကို သောက်ကြသည့် အခါတိုင်း သခင်ဘုရား၏အသေခံခြင်းကို ကိုယ်တော် ကြွလာတော်မူသည့်တိုင်အောင် ကြေညာဟောပြောကြ၏။"

အဲလို ကြောညာဟောပြောချင်ရတာကလည်း ဘယ်တော့မှ မမေ့အောင်လို့ပါ။ ဘုရားက လူတွေကို အဲ့ဒီလောက်သနားတယ်၊ ချစ်တယ်ဆိုတာ ကျေးဇူးတင်ရအောင်လို့ပါ။ ဒါကြောင့် အသင်းတော်က တနင်္ဂနွေနေ့တစ်ရက်ပဲ ဘုရားကျောင်းတက်ဖို့ တိုက်တွန်းတာပဲမဟုတ်ဘူး၊ နေ့တိုင်း မစ္ဆားတရားနာဖို့ တိုက်တွန်းရတာပါ။ မစ္ဆားတရားကြောင့် နေ့တိုင်း ဘုရားရဲ့အချစ်ကို ပီပီပြင်ပြင် ခံစားမိစေချင်တယ်။ ကျေနပ်အားရစေချင်လို့ မစ္ဆားတရားမှာ ပါဝင်ခိုင်းရတာပါ။

ကိုယ် ပင့်ယူလိုက်တဲ့ကိုယ်တော်မြတ်က ကိုယ့်ရဲ့ခန္ဓာကိုယ်ထဲရောက်သွားပြီး ကိုယ့်ရဲ့အသွေးအသားအဖြစ် ပြောင်းသွားတယ်မဟုတ်လား။ ဒီအခါ ကျနော်တို့ကလည်း "သင်တို့အဖို့ အပ်နှံခံရမည့် ငါ၏ခန္ဓာကိုယ်ဖြစ်၏" ဆိုတဲ့အတိုင်း ကျနော်တို့ဟာ အများအတွက် အပ်နှံကြဖို့ ဖြစ်လာရပါတော့တယ်။ ကိုယ့်ဘာသာသူတွေ တစ်ယောက်ကိုတစ်ယောက် မချစ်ကြဘူး။ အနစ်နာမခံချင်ဘူး။ ဒါတွေကို ကျောင်းထိုင်ဘုန်းကြီးအနေနဲ့ ကြားရမြင်ရတာက စိတ်မကောင်းစရာဖြစ်တယ်၊ ကိုယ့်တစ်ကိုယ်ကောင်းအတွက်ပဲ ကြည့်တယ်ဆိုတာက ကျနော်တို့ ပင့်ယူတဲ့ကိုယ်တော်မြတ်နဲ့ တစ်ခြားစီဖြစ်နေပြီ။ ကိုယ်တော်မြတ်ဆိုတာက အများအတွက် အပ်နှံခံရတဲ့ဟာ လေ။ ကိုယ်က ကိုယ်တော်မြတ်တော့ ပင့်ပြီး မိမိကိုယ်ကို မအပ်နှံရင်တော့ တော်တော်ကြီး လွဲနေပြီ။

ယနေ့ ဘုန်းကြီး ဖတ်တဲ့ ရှင်လုကာ ဧဝံဂေလိကျမ်းမှာ မုန့် (၅)လုံးနဲ့ ငါး (၂)ကောင်ကို တန်ခိုးတော်နဲ့ လူ (၅၀၀၀)ကျော်ကို ကျွေးတော်မူတယ်ဆိုတာ သိရပါတယ်။ ယေဇူးဘုရားရှင်က တပည့်တော်ကြီးတွေကို "သင်တို့သည် သူတို့အား စားစရာပေးကြလော့" လို့ မိန့်တော်မူပါတယ်။ တပည့်တော်ကြီးတွေ ကိုယ့်အစွမ်းအစနဲ့ဆိုရင်တော့ ဒီလူတွေကို ပြန်ခိုင်းလိုက်မှာပဲ။ အခုတော့ ဘုရားပါတဲ့ အသိုင်းအဝိုင်းဖြစ်လို့ ဘုရားရဲ့အစွမ်းအစနဲ့ လောက်ငှရုံတင်မက အပိုအလျှံ တစ်ဆယ့်နှစ်တောင်းအပြည့် ရရှိတယ်ဆိုတာ သိကြပါ။ ဒါကြောင့် ၅ + ၂ = ၅၀၀၀ ဖြစ်သွားပြီ။ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ကြီးက မြန်မာနိုင်ငံမှာ နောက်နှစ် လူ (၁၅)သန်းဟာ နေ့စဉ်အစားအစာအတွက် အခက်အခဲကြုံလိမ့်မယ်လို့ ကြေညာထားပါတယ်။ လူအများအတွက် အသက်ရှင်ပေးကြဖို့ အရေးတကြီးလိုအပ်နေပါပြီ။

ယနေ့ ဧဝံဂေလိကျမ်းစာရဲ့အစမှာ "ယေဇူးခရစ်တော်သည် လူအစုအဝေးတို့ကို ဘုရားသခင်၏နိုင်ငံတော်အကြောင်း ဟောပြောသွန်သင်လျက် ကုသခြင်းကို လိုအပ်သောသူတို့အား ပျောက်ကင်းစေတော်မူ၏။" ကျနော်တို့ရဲ့ မစ္ဆားတရားမှာ

နှုတ်တော်ထွက်စကား ကျမ်းစာကို ဖတ်ရှုခြင်း၊ သြဝါဒကို ခံယူခြင်းတို့ဖြင့် ကျနော်တို့ ကုသခြင်း ခံစားရတယ်။ ဒေါသတွေ ပြေပျောက်ရတယ်၊ ကြေအေးသင့်မြတ်နိုင်ကြတယ်၊ မျှော်လင့်ချက်တွေ ရှင်သန်လာကြတယ်။ ရှေ့ဆက်ဖို့ ခွန်အားတွေရရှိကြတယ်။ ဘာဆက်လုပ်မလဲဆိုတဲ့ လမ်းညွှန်ချက်တွေ ရရှိကြတယ်။ ဒါတွေ ဘယ်လိုရလာရတာလဲ ၊ ကျနော်တို့ ရှင်းမပြတတ်ဘူး၊ တွေ့ကြုံခံစားမိတာလို့ပဲ ပြောလို့ရပါမယ်။ ဒါကြောင့် ကိုယ်တော်မြတ်ကို ဖန်ဆင်းပေးတဲ့ မစ္ဆားတရားမှာ စိတ်ရောကိုယ်ပါ ပါဝင်ပူဇော်ခြင်း၊ ကိုယ်တော်မြတ်ကို ဖူးမျှော်ခြင်းတို့ဖြင့် ဘုရားနဲ့ ကျနော်တို့ ပေါင်းစပ်ကြပါစို့။

နားဆင်သူအားလုံးအပေါ် ဘုရားသခင့်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။